# သံဓာတ် အကြောဆေး (IV) သွင်းခြင်း

## လူနာများ၊ မိသားစုများနှင့် စောင့်ရှောက်ပေးသူများ အတွက် အချက်အလက်များ

ဤလက်ကမ်းစာစောင်တွင် သံဓာတ် အကြောဆေးသွင်းခြင်းနှင့်ပတ်သက်သော အမေးများသည့် မေးခွန်း အချို့ကို ဖြေကြားထားပါသည်။ ၎င်းတွင် ရရှိနိုင်သော အချက်အလက် အားလုံး မပါဝင်ပါ၊ သင့် ကိစ္စနှင့်ပတ်သက်၍ သင့် ဆရာဝန်၏ နေရာကို အစားထိုးယူမည် မဟုတ်ပါ။

### အဘယ်ကြောင့် သံဓာတ်သည် အရေးကြီးပါသလဲ။

ကျွန်ုပ်တို့၏ ခန္ဓာကိုယ်များသည် သံဓာတ်ကို လိုအပ်သည်။ ဟီမိုဂလိုဗင် (haemoglobin) ကိုလုပ်ရန် သံဓာတ်ကို အသုံးချရသည် – ဟီမိုဂလိုဗင်မှာ ကျွန်ုပ်တို့ သွေးနီဥ ဆဲလ်ကလပ်စည်းများ၏ အစိတ်အပိုင်းဖြစ်ပြီး ၎င်းသည် အောက်စီဂျင်ဓာတ်ကို ကျွန်ုပ်တို့၏ ကိုယ်ခန္ဓာ တစ်လျှောက် သယ်ဆောင်ပေးသည်။ ၎င်းသည် ကြွက်သားတောင့်တင်းရေး၊ ခွန်အားနှင့် ကောင်းမွန်သော စိတ်ပိုင်းဆိုင်ရာ လုပ်ကိုင်ဆောင်ရွက်မှုတို့အတွက်လည်း အရေးကြီးပါသည်။ အကယ်၍ သင့် သံဓာတ် အတိုင်းအဆများမှာ နိမ့်ကျနေလျှင် ၎င်းသည် သင့်အား ပင်ပန်းစေအောင် လုပ်ကောင်းလုပ်နိုင်ပြီး နေ့စဉ် သာမန် လှုပ်ရှား ဆောင်ရွက်မှုများကို မလုပ်နိုင်အောင် လုပ်ကောင်းလုပ်နိုင်ပါသည်။ သင့် ကိုယ်ခန္ဓာတွင်းရှိ သံဓာတ် ပမာဏမှာ ပို၍ပင် နိမ့်ကျလာသည့်အလျောက် ဟီမိုဂလိုဗင် အတိုင်းအဆမှာ သာမန် အဆင့်အောက် ကျဆင်းလာသည်။ ၎င်းကို သံဓာတ်ချို့တဲ့ရောဂါ (anaemia) ဟု လူသိများပါသည်။

### ကျွန်ုပ်သည် အဘယ်ကြောင့် သံဓာတ်အကြောဆေးကို လိုအပ်နိုင်ဖွယ်ရှိသနည်း။

သံဓာတ်ချို့တဲ့ရောဂါကို ကုသရန် အသုံးအများဆုံးနည်းလမ်းမှာ သံဓာတ်ကို ဆေးပြား သို့မဟုတ် ဆေးရည်ကို ပါးစပ်ဖြင့် သောက်ရန်ဖြစ်သည်။ ၎င်းသည် လူအများစု အတွက် ကောင်းစွာလုပ်ကိုင်ပေးပြီး သာမန်အားဖြင့် ဦးစွာ စမ်းလုပ်ကြည့်ကြပါသည်။ အချို့လူများမှာ သံဓာတ်ကို ချက်ချင်း ကိုယ်ခန္ဓာအတွင်းသို့ သွေးကြောမှတစ်ဆင့် သွင်းပေးရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ ၎င်းကို သံဓာတ် အကြောဆေးသွင်းသည်ဟု ခေါ်ပါသည်။ သံဓာတ်ကို သင့် သွေးကြောတွင်းသို့ အပ်နှင့် ပိုက်ဖြင့်အစက်ချ (သွင်း) ပေးပါသည်။ တစ်ခါတစ်ရံ၌ သံဓာတ်သွင်းပေးမှု 2 ခု (အနည်းဆုံး တစ်ပတ်ခြား၍ သွင်းပေးသည်) ကို သိုလှောင်ထားသည့်သံဓာတ်အား အပြည့်အဝ ဖြည့်ပေးစေရန် လိုအပ်ပါသည်။ ဆေးသွင်းပေးခြင်းကို သံဓာတ်ဖြင့် သွင်းပေးသည်၊ သွေးမဟုတ်ပါ။

အကယ်၍ သင်သည် အောက်ပါတို့ဖြစ်လျှင် သံဓာတ် အကြောဆေးသွင်းရန် လိုအပ်နိုင်ဖွယ် ရှိပါသည်-

- သံဓာတ် ဆေးပြား/ဆေးရည်ကို မသောက်သုံးနိုင်လျှင်
- သံဓာတ် ဆေးပြား/ဆေးရည်ကို တုံ့ပြန်မှု မရှိလျှင် သို့မဟုတ် ၎င်းတို့ကို စုပ်ယူမနိုင်လျှင်
- သင့် သံဓာတ် အတိုင်းအဆကို လျင်မြန်စွာ တက်လာအောင် လုပ်ရန်လိုအပ်လျှင် (ဥပမာ- အဓိက ခွဲစိတ်မှု မလုပ်မီ၊ ကိုယ်ဝန် အရင့်အမာကာလတွင်၊ သို့မဟုတ် သွေးသွင်းမှုကို ရှောင်ရှားရန်)
- အကယ်၍ သင့်တွင် နာတာရှည် ကျောက်ကပ်ရောဂါ သို့မဟုတ် နာတာရှည် နှလုံးရောဂါ ရှိလျှင်

သင့် ဆရာဝန်သည် အဘယ်ကြောင့် သင် သံဓာတ် အကြောဆေးသွင်းရန် လိုအပ်ကြောင်းနှင့် အခြား နည်းလမ်းများကို ရှင်းပြရပါလိမ့်မည်။

### သံဓာတ် အကြောဆေးတွင် ဘေးထွက်ဆိုးကျိုး တစ်ခုခု ရှိပါသလား။

ယေဘုယျအားဖြင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်လာသည့်အခါ ၎င်းတို့မှာ အပျော့စားဖြစ်ပြီး သူ့ဖာသာသူ ငြိမ်ကျသွားပါသည်။ အဖြစ်အများဆုံး ဘေးထွက်ဆိုးကျိုးများမှာ ယာယီသာဖြစ်ပြီး ၎င်းတို့တွင် ပါဝင်သည်မှာ-

- ခေါင်းကိုက်ခြင်း၊ နေထိုင်မကောင်းခြင်း သို့မဟုတ် အော့အန်ခြင်း၊ ကြွက်သားနာခြင်း သို့မဟုတ် အဆစ်ကိုက်ခြင်း
- အရသာ ပြောင်းလဲမှုများ (ဥပမာ- ခဲ အရသာ)
- သွေးပေါင်ချိန် သို့မဟုတ် နှလုံးခုန်နှုန်း ပြောင်းလဲမှုများ

**အရေပြား အစွန်းအထင်းဖြစ်ခြင်း** (အညိုရောင် စွန်းခြင်း) သည် ဆေးထိုးအပ်ထိုးရာနေရာ (ပိုက်သွင်းရာနေရာ) အနီးအနားရှိ အသားမျှင်များအတွင်း သံဓာတ် ယိုစီးမှုကြောင့် ဖြစ်ပွားကောင်း ဖြစ်ပွားနိုင်သည်။ **၎င်းသည် အဖြစ်မများပါ သို့သော်လည်း အစွန်းအထင်းမှာ ကြာရှည်နိုင်သည် သို့မဟုတ် ရာသက်ပန် ဖြစ်သွားနိုင်သည်။** ဆေးထိုးအပ်ထိုးရာနေရာ (ပိုက်သွင်းရာနေရာ) တွင် မအီမသာဖြစ်မှု၊ ပူလောင်မှု၊ နီခြင်း သို့မဟုတ် ရောင်ခြင်း တစ်ခုခုဖြစ်လျှင် ချက်ချင်း ဆရာဝန် သို့မဟုတ် သူနာပြုအား အကြောင်းကြားပါ။

သို့သော်လည်း အလွန့်အလွန် အဖြစ်များသည့်ကိစ္စမှာ အချို့လူများတွင် အလွန်ပြင်းထန်သည့် ဓာတ်မတည့်မှု ရှိကောင်း ရှိနိုင်သည်။ အလွန့်အလွန် ရှားရှားပါးပါး ကိစ္စများတွင် အသက်ကို ခြိမ်းခြောက်နိုင်ပါသည်။ သင့်အား သံဓာတ်အကြောဆေး သွင်းပေးနေချိန်နှင့် သွင်းပြီး မိနစ် 30 အတွင်း အနီးကပ် စောင့်ကြည့်နေပါလိမ့်မည်။

တစ်ခါတစ်ရံ၌ ဘေးထွက်ဆိုးကျိုးများ (ဥပမာ၊ ခေါင်းကိုက်ခြင်း၊ ကြွက်သားနာခြင်း သို့မဟုတ် အဆစ်ကိုက်ခြင်း) တို့သည် 1 ရက်မှ 2 ရက် ကြာပြီးနောက်မှ စတင်ဖြစ်လာနိုင်သည်။ အများစုအားဖြင့် ၎င်းတို့သည် နောက်ထပ် နှစ်ရက်အတွင်း သူတို့ဖာသာ ငြိမ်ကျသွားပါမည်။ အကယ်၍ ၎င်းတို့မှာ သင့်အတွက် စိုးရိမ်စရာ သို့မဟုတ် သင့် နေ့စဉ် လှုပ်ရှားဆောင်ရွက်မှုအပေါ် အနှောင့်အယှက်ဖြစ်လျှင် သင့် ဆရာဝန် သို့မဟုတ် ဆေးသွင်းပေးသည့်စင်တာကို အကြံဉာဏ်အတွက် ဆက်သွယ်ပါ။ **အကယ်၍ သင့်တွင် ရင်ဘတ်နာလျှင်၊ အသက်ရှူရန် အခက်အခဲဖြစ်လျှင်၊ မူးဝေလျှင် သို့မဟုတ် လည်ပင်း/ပါးစပ် ရောင်လျှင် ကျေးဇူးပြု၍ အရေးပေါ် ဆေးကုသမှုကို ရှာပါ / လူနာတင်ယာဉ် (000) ကိုခေါ်ပါ။**

Government of South Australia

SA Health

© Department for Health and Wellbeing, Government of South Australia.
All rights reserved. *BloodSafe TP-L3-416 v2.1 October 2023*

## သင့် ဆရာဝန်အား မည်သည့်အရာကို ပြောရမည်

အကယ်၍ အောက်ပါတို့ဖြစ်လျှင် သင်သည် သင့် ဆရာဝန် သို့မဟုတ် သင့် သံဓာတ်ဆေးသွင်းပေးသည့် စင်တာကို ပြောပြရန် လိုသည်-

- ☐ သင့်တွင် ကိုယ်ဝန်ရှိလျှင်/ ကိုယ်ဝန်ယူရန် ကြိုးစားနေလျှင်ကိုယ်ဝန် ပထမ ဆယ့်နှစ်ပတ်အတွင်း သံဓာတ်အကြောဆေးကို ရှောင်ရှားရလိမ့်မည်။
- ☐ သင့်တွင် ပန်းနာရောဂါ၊ နှင်းခူနာ သို့မဟုတ် အခြား ဓာတ်မတည့်မှုများ ရှိလျှင်
- ☐ သင့်တွင် ယခင်က မည်သည့် သံဓာတ်ထိုးဆေး သို့မဟုတ် သံဓာတ်ဆေးသွင်းခြင်း အမျိုးအစားကိုမဆို ဓာတ်မတည့်မှု ရှိခဲ့လျှင်
- ☐ သင့်တွင် သံဓာတ် အတိုင်းအဆ များလွန်းခြင်း ရာဇဝင်၊ ဟီမိုခရိုမတိုးဆစ် သို့မဟုတ် အသည်း ရောဂါများ ရှိလျှင်
- ☐ သင်သည် ဆေးဝါး တစ်ခုခုကို သုံးဆောင်နေရလျှင် (တိုင်းရင်းဆေးနှင့် အလွတ်ဝယ်ယူ၍ရသည့်ဆေးဝါးများ အပါအဝင်)
- ☐ သင့်တွင် လက်ရှိအချိန်၌ ကူးစက်မှု တစ်ခု ရှိလျှင် (သို့မဟုတ် ရှိနိုင်ကောင်း ရှိနိုင်လျှင်)

## သင့် ဆရာဝန်အား မည်သည့်အရာကို မေးမြန်းရမည်

သင်သည် သင့်ဆရာဝန်နှင့် အောက်ပါကိစ္စကို မေးမြန်းကောင်း မေးမြန်းလိုမည်ဖြစ်သည်-

- ☐ အဘယ်ကြောင့် ကျွန်ုပ် သံဓာတ် အကြောဆေးသွင်းရန် လိုပါသလဲ။
- ☐ အခြား နည်းလမ်းများမှာ အဘယ်နည်း။
- ☐ သံဓာတ် အကြောဆေးသွင်းရသည်မှာ အချိန်မည်မျှကြာမည်နည်း။
- ☐ သံဓာတ် အလုံအလောက်ရရှိရန် မည်မျှ အကြိမ် သံဓာတ် အကြောဆေးကို ကျွန်ုပ် သွင်းရန်လိုပါသလဲ။
- ☐ (အကယ်၍ သင်သည် လက်ရှိကာလ၌ သံဓာတ်ဆေးပြားများကို သောက်သုံးနေလျှင်) မည်သည့်အချိန်၌ သံဓာတ် ဆေးပြားများ သောက်သုံးခြင်းကို ကျွန်ုပ် ရပ်ဆိုင်းပြီး ၎င်းတို့ကို နောက်ထပ်တစ်ဖန် ကျွန်ုပ် သောက်သုံးရန် လိုပါသလား။
- ☐ သံဓာတ် အာနိသင်ရှိလာရန်အတွက် အချိန်မည်မျှ ကြာပါသလဲ။
- ☐ သင့်အား စိုးရိမ်ပူပန်နိုင်သည့် ဘေးထွက်ဆိုးကျိုးများ အကြောင်းနှင့်ပတ်သက်သည့် မေးခွန်းများ (စာမျက်နှာ တစ်ဖက်၌ အထွေထွေ စာရင်းတစ်ခု ရှိသည်)

## အဆိုပါနေ့တွင် ဘာဖြစ်မည်နည်း။

သံဓာတ် အကြောဆေးသွင်းမည့်နေ့၌ အဆင်သင့်ဖြစ်စေရန်အတွက် သင် လုပ်ရန် ထူးထူးထွေထွေ မရှိပါ (ဥပမာ- သင် အစာတော်ခံထားရန် မလိုပါ)။ သင့်တွင် မမျှော်လင့်သော ဓာတ်မတည့်မှု ရှိသည် မဟုတ်လျှင် သင်သည် အိမ်သို့ ကားမောင်းပြန်နိုင်ပြီး သင့် ပုံမှန် အလုပ်များကို လုပ်နိုင်ပါသည်။ ဆေးသွင်းပေးသည့် စင်တာမှ မထွက်ခွာမီ၊ သင့်တွင် အောက်ပါတို့ ရှိကြောင်း သေချာစေပါ-

- > အကယ်၍ သင့်တွင် စိုးရိမ်ပူပန်မှုများ တစ်ခုခု သို့မဟုတ် မေးခွန်းများ တစ်ခုခုရှိလျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်
- > နောက်ဆက်တွဲလုပ်ရမည့် စစ်ဆေးမှုများ နှင့်/သို့မဟုတ် ရက်ချိန်းများ တစ်ခုခု အတွက် ရက်ချိန်းရက်စွဲများ

### ကျွန်ုပ်၏ သံဓာတ် အကြောဆေး အသေးစိတ်အချက်အလက်များ

သံဓာတ် အမည်-.............................................................................

ဆေးသွင်းသည့် ရက်စွဲ (များ)/အချိန် (များ) ...........................................................

.............................................................................

တည်နေရာ- .............................................................................

ဆက်သွယ်ရမည့် ဖုံးနံပါတ်-.............................................................................

သံဓာတ် အကြောဆေး သွင်းပြီးနောက် သွေးစစ်ရမည့် ရက်စွဲ (များ) သို့မဟုတ် ပြန်လည်သုံးသပ်မည့်ရက်စွဲ (များ)-.....

.............................................................................

မှတ်ချက်များ.............................................................................

.............................................................................

.............................................................................

ပိုမိုသော အချက်အလက်များ အတွက် -

သင့် ဆရာဝန်/ ဆေးသွင်းပေးသည့် စင်တာ ကိုပြောဆိုပါ

© Department for Health and Wellbeing, Government of South Australia. All rights reserved. *BloodSafe TP-L3-416 v2.1 October 2023*

Government of South Australia

SA Health

The English language version of this document has been reviewed and endorsed by CAG* for consumers and the community – October 2023

*SA Health Community Advisory Group

BloodSafe

လူနာနှင့်စပ်လျဉ်းသည့် အရာများကို ဝက်ဘ်ဆိုက်-
www.sahealth.sa.gov.au/bloodorgantissue